# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 15 , 2022 Volume 56, Number 10


**၁၅.၇.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၂၁၅ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၅၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၁၈၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၄၇.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၃.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၇၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၉.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၅.၈၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၅၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ဇူလိုင်လဒုတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်တွင် ပြောင်းဖူးစေ့ အရောင်းအဝယ်အေး ဈေးအေး

ဧရာဝတီမြစ်ရိုးတစ်လျှောက်နှင့် ရှမ်းမြောက်မှ ပြောင်းဖူးစေ့အသစ်များ အနည်းငယ် ဝင်ရောက်လျှက်ရှိပြီး၊ ရန်ကုန်ဝယ်လက်နှင့်တိရစ္ဆာန်အစာတောင့်စက်ရုံများမှသာ ပုံမှန်ဝယ်ယူနေပြီး ပြည်ပတင်ပို့မှုအေးနေကြောင်း၊ လတ်တလောဖြစ်ပေါ်ခဲ့သည့် မူဝါဒအပြောင်းအလဲများသည် ရောင်းဝယ်တင်ပို့မှုများအပေါ်တွင် သက်ရောက်မှုရှိလာသဖြင့် ကုန်သည်လုပ်ငန်းရှင်များ လုပ်ငန်းလည်ပတ်ရန် ငွေကြေးခက်ခဲလာ၍ ဈေးကွက်အေး ဈေးအေးလာခြင်းဖြစ်ကြောင်း မန္တလေးကုန်စည်ဒိုင်အသိုင်းအဝိုင်းမှသိရသည်။

ပြောင်းဖူးစေ့ ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ **ရှမ်းပြောင်းဖူးစေ့** တစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၆၅၀၀ မှ ၄၈၀၀၀၊ ယခင်လ ကျပ် ၅၂၀၀၀ မှ ၅၂၅၀၀ ဖြစ်သည်။ သုံးတင်းတစ်အိတ်ကျပ် ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀ မှ ၂၀၀၀ ၊ယခင်လထက် ၆၅၀၀ မှ ၇၀၀၀ နိမ့်ကျလာသည်။ **စီပီပြောင်း** တစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၄၅၀၀၀ မှ ၄၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၄၆၅၀၀ မှ ၄၈၀၀၀၊ ယခင်လ ကျပ် ၅၂၀၀၀ မှ ၅၂၅၀၀ ဖြစ်ခဲ့သည်။ သုံးတင်းတစ်အိတ်ကျပ် ယခင် တစ်ပတ်ထက်ကျပ် ၁၅၀၀ မှ ၂၀၀၀၊ ယခင်လထက် ကျပ် ၆၅၀၀ မှ ၇၀၀၀ နိမ့်ကျလာသည်။

**Source: ရတနာပုံကုန်သွယ်မှုဇုဟိုဌာန**

## ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံကုန်ပစ္စည်း ကုန်သွယ်ရေးပို့ကုန်သွင်းကုန် စုစုပေါင်းတန်ဖိုး တရုတ်ယွမ်ငွေ ၁၉.၈ ထရီလီယံရှိပြီး ယမန်နှစ် ကာလတူထက် ၉.၄ ရာခိုင်နှုန်း တိုးတက်လာ



https://xinhuamyanmar.com

ယခုနှစ်ပထမနှစ်ဝက်တွင် တရုတ်နိုင်ငံကုန်ပစ္စည်း ကုန်သွယ်ရေးပို့ကုန်သွင်းကုန် စုစုပေါင်းတန်ဖိုးသည် တရုတ်ယွမ်ငွေ ၁၉.၈ ထရီလီယံရှိပြီး ယမန်နှစ်ကာလတူထက် ၉.၄ ရာခိုင်နှုန်းတိုးတက်လာသည်ဟု တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေး အာဏာပိုင်အဖွဲ့ (GACC) ပြောဆိုခွင့်ရပုဂ္ဂိုလ် Mr. Li Kuiwen က ဇူလိုင် ၁၃ ရက်၌ ပြောကြားခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ယနေ့ ဇူလိုင် ၁၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံသည် Industry chain တည်ငြိမ်ရေးအား တက်တက်ကြွကြွမြှင့်တင်လျက်ရှိပြီး အရေးကြီး Industry chain supply chain လုပ်ငန်းများ၏ အာမခံလုပ်ငန်းအား ကောင်းမွန်စွာဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာတင်သွင်းမှု အဆင်ပြေချောမွေ့ရေးနှင့် လာရာအရင်းအမြစ်အမျိုးစုံလင်မှုတို့အား ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံမှ ပြောင်းဖူး၊ မာလဝီနိုင်ငံမှ ပဲပိစပ်၊ ဘရာဇီးနိုင်ငံမှ ပြောင်းဖူးနှင့်မြေပဲ စသည်တို့အား တရုတ်နိုင်ငံသို့တင်သွင်းရန် အပင်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် သဘောတူစာချုပ်အား လက်မှတ်ရေးထိုးပြီးစီးခဲ့၍ RCEP အဖွဲ့ဝင်နိုင်ငံများ၏ အရည်အသွေးမြင့်စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့မှုအား ဖော်ဆောင်ခဲ့သည်ဟု ပြောကြားခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မကြာမီ မြန်မာနိုင်ငံ၏ ပြောင်းဖူးရာသီ ကျရောက်လာတော့မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီများသည် နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြောင်းဖူးတင်ပို့နိုင်ကြောင်း၊ ထိုကဲ့သို့ဖြင့် ကုန်စည်ပို့ဆောင်ရေး ကုန်ကျစရိတ်လျှော့ချနိုင်ပြီး မြန်မာနိုင်ငံတောင်သူများ ဝင်ငွေတိုးပွားလာစေမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**Source:** https://xinhuamyanmar.com/news/sino-myanmar/nm-22014070025/

## ကော်ဖီတစ်တန်လျှင် ကန်ဒေါ်လာ ၅၀၀၀ခန့် ပေါက်ဈေးရရှိနေ



https://www.commerce.gov.mm

လက်ရှိ မြန်မာ့ကော်ဖီဈေးကွက်မှာ ပြည်တွင်း၊ ပြည်ပဝယ်လိုအားများ ကောင်းမွန်လာသည့်အတွက် ကော်ဖီစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်အထိ ပေါက်ဈေးရရှိနေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။ "တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကျွန်တော်တို့ဆီမှာ နှစ်စဉ် ကော်ဖီတန်ချိန် ၉၀၀၀ကျော် ထွက်ရှိနေပါတယ်။ ကော်ဖီတစ်တန်ကို လက်ရှိ ပေါက်ဈေး အမေရိကန်ဒေါ်လာ ၄၅၀၀ ကနေ ၅၀၀၀ အထိ ဈေးရပါတယ်"ဟု အဆိုပါ အသင်းမှ တာဝန်ရှိသူတစ်ဦးက ဇွန် ၂၉ ရက်တွင်ပြောသည်။ မြန်မာ့ဒေသထွက်ကော်ဖီများသည် အခြားသောနိုင်ငံများက ထွက်ရှိသည့် ကော်ဖီများထက် အရည်အသွေးစံချိန်စံနှုန်း ပိုမိုကောင်းမွန်သည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် ဈေးပိုမိုရရှိနေခြင်းဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှ ထွက်ရှိသည့် ကော်ဖီများကို ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဒူဘိုင်း၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဂျာမနီနိုင်ငံများသို့ တင်ပို့ရောင်းချနေခြင်းဖြစ်သည်။ ကိုဗစ်(၁၉)ကပ် ရောဂါကြောင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က ပြည်ပနိုင်ငံများသို့ မြန်မာ့ကော်ဖီတင်ပို့မှုနှုန်း ကျဆင်းခဲ့သော်လည်း ယခုနှစ်တွင် ပုံမှန်တင်ပို့နေရသည့် အခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်ကာ တန် ၅၀၀ နီးပါး တင်ပို့လျက်ရှိကြောင်းသိရသည်။ ပြည်တွင်း၌ ကော်ဖီစိုက်ဧက စုစုပေါင်း နှစ်သိန်းကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိရာ ဧက ၅၀၀၀၀ ကျော်သာ အောင်မြင်ဖြစ်ထွန်းပြီး၊ နှစ်စဉ် ကော်ဖီစေ့ တန်ချိန် ၉၀၀၀ကျော် ထွက်ရှိကြောင်းသိရသည်။ ကော်ဖီကို မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံးစိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင်လည်း အနည်းငယ် စိုက်ပျိုးကြကြောင်းသိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%80%E1%80%B1%E1%80%AC%E1%80%BA%E1%8

## ဆိတ်မွေးမြူရေးနှင့် ဆိတ်အရှင်ဈေးကွက်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ဇီးကန်ကျေးရွာရှိ ဆိတ်မွေးမြူရေးလုပ်ငန်းများအား ဆိတ်မွေးမြူထားရှိမှုနှင့် ဈေးကွက်အခြေအနေများအား သိရှိနိုင်ရန်အတွက် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက သွားရောက်လေ့လာခဲ့သည်။ လေ့လာမှုအရ ဇီးကန်ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူခြင်းနှင့် စီးပွားဖြစ် ဆိတ်အကောင်ရေ ၅၀ နှင့် ၁၀၀ကြား မွေးမြူထားသည်ကို တွေ့ရှိရသည်။


https://www.commerce.gov.mm

ဇီးကန်ကျေးရွာမှ ဆိတ်ခြံပိုင်ရှင်တစ်ဦး၏ ပြောကြားချက်များအရ မြန်မာနိုင်ငံတွင် ဆိတ်အမျိုးအစား သုံးမျိုးရှိကြောင်းသိရှိရပြီး ပထမတစ်မျိုးအနေဖြင့် ထိန်စမ်းမျိုးဖြစ်ကြောင်း၊ ထိန်စမ်းမျိုးကို များသောအားဖြင့် ပုပ္ပား၊ ချောက်၊ နတ်မောက်နှင့် မြိုင်မြို့နယ်များတွင် အများဆုံးမွေးမြူထားကြောင်း၊ ထိန်စမ်းဆိတ်၏ ကိုယ်အလေးချိန်မှာ ဆိတ်ထီးတစ်ကောင်လျှင် ၅၀ ကီလို ၃၇ ပိဿာဖြစ်ပြီး ဆိတ်မတစ်ကောင်လျှင် ၂၉ ကီလို ၂၀ ပိဿာရှိကြောင်း သိရှိရသည်။

ဒုတိယ ဆိတ်မျိုးအနေဖြင့် ဂျိတ်နီမျိုးဖြစ်ပြီး ၎င်းမျိုးမှာ အရွယ်အစားကြီးမားပြီး နီညိုရောင်၊ အုန်းနွံ ရောင်၊ မန်ကျည်းစေ့ရောင်များဖြစ်ကြောင်း၊ ဂျိတ်နီဆိတ်၏ ကိုယ်အလေးချိန်မှာ ဆိတ်ထီးတစ်ကောင်လျှင် ၅၀ ကီလို ၃၇ ပိဿာဖြစ်ပြီး ဆိတ်မ တစ်ကောင်လျှင် ၄၂ ကီလို ၂၉ပိဿာရှိကြောင်း၊ ယခုအခါ ဂျိတ်နီဆိတ်မျိုးများကို ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်များတွင် အများဆုံးမွေးမြူလာသည်ကို တွေ့ရှိရကြောင်းသိရှိရသည်။

တတိယဆိတ်မျိုးမှာ ဝေသာလီဆိတ်မျိုးဖြစ်ပြီး ဝေသာလီဆိတ်မျိုးမှာ ခန္ဓာကိုယ်သွယ်လျပြီး ဆိတ်၏အရောင်အသွေးမှာ အညိုရောင်၊ အနက်ရောင်ဆက်နွယ်နေသည်ကို တွေ့ရှိရသည်။ ဝေသာလီဆိတ်များ၏ ကိုယ်အလေးချိန်မှာ ဆိတ်ထီးတစ်ကောင်လျှင် ၃၈ ကီလို ၂၄ ပိဿာဖြစ်ပြီး ဆိတ်မတစ်ကောင်လျှင် ၃၁ ကီလို ၁၉ ပိဿာရှိကြောင်း၊ ဝေသာလီဆိတ်များကို မကွေး၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်မြို့နယ်များတွင် အများဆုံးမွေးမြူကြသည်ဟု သိရှိရသည်။

ယခုအခါ ဆိတ်ဈေးကွက်အနေဖြင့် အရွယ်ရောက်ပြီး ဆိတ်ထီးတစ်ကောင်လျှင် ကျပ် ၁၃၀၀၀၀-၁၅၀၀၀၀ ၊ ဆိတ်မမျိုးဝင်စ တစ်ကောင်လျှင် ကျပ် ၉၀၀၀၀-၁၀၀၀၀၀ ဝန်းကျင်အရောင်းအဝယ်ဖြစ်နေပြီး အကောင်အရွယ်အစားပေါ် မူတည်ပြီး ကျပ် ၂၀၀၀၀၀ ထိရရှိသည်။ နို့ခွဲခါစ ဆိတ်ပေါက်တစ်ကောင်လျှင် ကျပ် ၅၀၀၀၀-၆၀၀၀၀ အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ဆိတ်မွေးမြူရေးလုပ်ငန်းမှာ ဆိတ်မတစ်ကောင် တစ်နှစ်လျှင် နှစ်ကြိမ်ပေါက်ဖွားသောကြောင့် အကျိုးအမြတ်များများရရှိကြောင်း သိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%86%E1%80%AD%E1%80%90%E1%80

## ရခိုင်ရေထွက်ကုန်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကြီးမားသည့်ဈေးကွက်တစ်ခုအဖြစ် ရပ်တည်နေ


https://www.commerce.gov.mm

ရခိုင်ဒေသမှထွက်ရှိသည့် ရေထွက်ကုန်များမှာ အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ကြီးမားသည့် ဈေးကွက်တစ်ခုအဖြစ် ရပ်တည်နေကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှသိရသည်။ ပြီးခဲ့သည့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဇွန် ၁၁ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့ရေထွက်ကုန်တန်ချိန် ၂၇၁၁ ဒသမ ၈၀ တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၈ သန်း ရရှိထားခြင်းဖြစ်သည်။

လက်ရှိတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေချိုထွက်ကုန် တင်ပို့မှုဈေးကွက် ရရှိထားသော ကြောင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့မှ နည်းပညာနှင့်အရင်းအနှီးဖြည့်ဆည်းမှုဖြင့် ရေချိုငါးမွေးမြူရေးကဏ္ဍကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။အဆိုပါပြည်နယ်အတွင်း ရေချို ငါးမွေးကန် စုစုပေါင်း ၅၀၀နီးပါး ရှိသည့်အပြင် Mangrove Friendly Farming System နှင့် မွေးမြူမည့် ရေချိုငါးမွေးကန် ဧက ၁၀၀၀ ဖော်ထုတ်နိုင်ရန် အတွက်လည်း နှစ်နှစ်စီမံကိန်းဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းအပြင် ပြည်နယ်အစိုးရ ဘတ်ဂျက်ဖြင့် မင်းပြားမြို့တွင် ရေချိုငါးသားဖောက်စခန်းအသစ်တစ်ခု တည်ဆောက်နေပြီး လာမည့်ရာသီတွင် သားဖောက်လုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကာ အဆိုပါ သားဖောက်စခန်းဝန်းကျင်၌လည်း မွေးမြူရေးဇုန်တစ်ခု ပေါ်ထွန်းလာရန် စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။ ဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန်အတွက် ဒီရေတောများကို ခုတ်ထွင်ရှင်းလင်းခြင်းမပြုဘဲ ပုစွန်၊ ကဏန်းမွေးမြူနိုင်သည့် Mangrove Friendly Farming System ကို ဦးတည် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် မောင်တောနှင့် စစ်တွေနယ်စပ်ဂိတ်နှစ်ခုမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးမြစ်ချင်း၊ ငါးပါးနီ၊ ငါးမုတ်မည်း၊ ငါးသလောက်၊ ကျောက်ပုစွန်၊ ငါးစုံကလေးခြောက်၊ ငါးနီတူခြောက်၊ ငါးကုန်းညှပ်ခြောက်၊ ငါးနုပ်ခြောက်၊ ကင်းမွန်ခြောက်၊ ငါးကွမ်းရှပ်၊ ရေငန်ငါး၊ ပုစွန်၊ ရွှံ့ကဏန်း၊ ကဏန်းပျော့နှင့် ခုံး(ဂုံး)အစို စသည့် ရေထွက်ကုန်များကို တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9B%E1%80%81%E1%80%AD%E1%80

## အီးယူ၏ ပျားရည်တင်ပို့ခွင့်ရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာပါဝင်နေ



https://www.commerce.gov.mm

အစားအသောက် ဘေးကင်းလုံခြုံမှုအတွက် လုံလောက်သည့် ထောက်ခံချက်များ ရရှိခဲ့ခြင်းကြောင့် ဥရောပသမဂ္ဂ(EU)၏ ပျားရည်တင်ပို့ခွင့်ရှိသည့် နိုင်ငံများစာရင်းတွင် မြန်မာနိုင်ငံကို ထည့်သွင်းထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ဒေသအသီးသီးက ထွက်ရှိလာသည့် ပျားရည်များကို အမျိုးသား ဓာတုဓာတ်ကင်း စောင့်ကြည့်မှု အစီအစဉ်ဖြင့် ပျားရည်အတွင်း ပိုးသတ်ဆေးနှင့် အခြားဓာတုဆေးဝါးများ ပါဝင်မှု ရှိ၊ မရှိကို ၂၀၁၇ ခုနှစ်မှစတင်ကာ လက်ရှိအချိန်အထိ နှစ်စဉ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည့်အတွက် အစားအသောက် ဘေးတို့အပြင် ပျားမွေးမြူရေးလုပ်ငန်းအတွက် နှစ်စဉ်စိုက်ပျိုးဧက သိန်း ၂၀ ခန့်မှ ဝတ်မှုန်ကူးဝန်ဆောင်မှုပေးလျက်ရှိပြီး ယခုနှစ်တွင်လည်း နေကြာစိုက်ဧက ၁၁ ရာခိုင်နှုန်းတွင် ဝတ်မှုန်ကူးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ တစ်နှစ်လျှင် ပျားရည်တန်ချိန် ၇၀၀၀ ခန့်ထွက်ရှိပြီး ပျားတစ်အုံလျှင် ပေါင် ၇၀ ခန့် ထွက်ရှိကာ ပြည်ပတင်ပို့မှု နှစ်စဉ်ပျမ်းမျှ တန် ၂၆၀၀ ခန့်ကို တစ်တန်ဈေးနှုန်း ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၆၀၀ ခန့်ဖြင့် တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာနှစ် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ) ခြောက်လတာကာလအတွင်း ပြည်ပသို့ မြန်မာ့ပျားရည် မက်ထရစ်တန်ချိန် ၁၀၇၀ ဒသမ ၂၅ တန် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၀၄ သန်း ရရှိထားကြောင်းသိရသည်။

လက်ရှိတွင် မြန်မာ့ပျားရည်ကို ဂျပန်၊ တရုတ်၊ ထိုင်း၊ ဆော်ဒီအာရေဗျနှင့် တောင်ကိုရီးယားနိုင်ငံများသို့တင်ပို့နေပြီး ကိုဗစ် (၁၉)ကပ် ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ပြည်တွင်းစားသုံးမှုလည်း ပိုမိုမြင့်တက်လာနေကြောင်း သိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%A1%E1%80%AE%E1%80%B8%E1%80

## အင်ဒိုနီးရှားနိုင်ငံမှ အအေးခဲကြက်သား စင်ကာပူနိုင်ငံသို့ ပထမဆုံးအသုတ် စတင်တင်ပို့



https://www.foodindustrydirectory.com.mm

ကြက်ကောင်ရေ ၃.၆ သန်း လစဉ်တင်ပို့နေတဲ့ မလေးရှားနိုင်ငံက ၂၀၂၂ မေလ ၂၃ ရက်မှာ ပြည်တွင်းကြက်သားဈေးနှုန်း မြင့်တက်နေတာကို ထိန်းကျောင်းရန်နှင့် ပြည်တွင်းဖူလုံစေရန် ကြက်သားပြည်ပတင်ပို့မှုကို ပိတ်ပင်ကြောင်းကြေညာခဲ့ပြီးနောက် မလေးရှားကြက်သား တင်သွင်းနေတဲ့ စင်ကာပူအနေဖြင့် မလေးရှားနိုင်ငံအစား အင်ဒိုနီးရှားနိုင်ငံထံမှ ကြက်သားများတင်သွင်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။ အင်ဒိုနီးရှား အအေးခဲကြက်သားများကို စင်ကာပူနိုင်ငံသို့ ဗုဒ္ဓဟူးနေ့ (ဇူလိုင် ၁၃ ရက်) တွင် စတင်ပို့ဆောင်ခဲ့ပါ တယ်။

ကီလိုဂရမ် ငါးသောင်း၊ တန်ဖိုး ရူပီယာ ၂ ဘီလီယံ (စင်ဒေါ်လာ ၁၈၇၀,၇၄၉) ရှိတဲ့ အအေးခဲကြက်သားများကို အင်ဒိုနီးရှားမှ ကြက်မွေးမြူထုတ်လုပ်ရေး လုပ်ငန်း Charoen Pokphand Indonesia (CPI) က စင်ကာပူသို့ ရေကြောင်းဖြင့်ပေးပို့ရန် ဗုဒ္ဓဟူးနေ့ညနေပိုင်းမှာ မြောက်ဂျာကာတာရှိ Tanjung Priok ဆိပ်ကမ်းမှာ သင်္ဘောတင်ခဲ့ပါတယ်။ စင်ကာပူသို့ စနေနေ့မှာ ဆိုက်ရောက်မယ်လို့ ခန့်မှန်းပါတယ်။ စင်ကာပူမှာ Charoen Pokphand Indonesia (CPI) ရဲ့ ကုန်သွယ်ဖက် Crown Pacific

Beverage တာဝန်ယူ လုပ်ကိုင်ပေးမှာဖြစ်ပါတယ်။

စင်ကာပူသို့ ပထမဆုံးအသုတ် တင်ပို့တာဖြစ်လို့ တင်ပို့တဲ့အခမ်းအနားကို ဗုဒ္ဓဟူးနေ့မနက်ပိုင်းမှာ ကျင်းပခဲ့ ပါတယ်။ စင်ကာပူသို့ အင်ဒိုနီးရှားကြက်များတင်သွင်းခွင့်ကို ဇွန်လ ၃၀ ရက်မှာ Singapore Food Agency (SFA) က အတည်ပြုခွင့်ပြုပေးခဲ့ပါတယ်။ CPI မှ လုပ်ကိုင်တဲ့ လုပ်ငန်း ၃ ခု ၊ Japfa Comfeed Indonesia ရဲ့ လက်အောက်ခံလုပ်ငန်း Ciomas Adisatwa တို့ စင်ကာပူသို့ အင်ဒိုနီးရှားကြက်သားများ တင်သွင်းခွင့်ရရှိထားပါတယ်။ CPI က ယခုနှစ်မှာ အေးခဲကြက်သား တန်ချိန် ၁,၀၀၀ ကို စင်ကာပူသို့တင်သွင်းရန် ရည်မှန်းထားပါတယ်။

**Source: Straitstimes**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/4694-indonesia-starts-sending-frozen-chicken-to-singapore.html

## ပြည်ပမှဝင်ရောက်လာသည့်အာလူးများ မန္တလေးဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ ခန့်သာ ပေါက်ဈေးရှိနေ



Source: ရတနာပုံသတင်းစာ

ပြည်ပမှ ဝင်ရောက်လာသည့် အာလူးများ မန္တလေးဈေးကွက်အတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ ခန့်သာပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ဇွန်လအတွင်းက ပြည်ပမှဝင်ရောက်လာသည့် တရုတ်အာလူးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်ခဲ့ကြောင်း၊ ယခုလက်ရှိတွင် မန္တလေးဈေးကွက်အတွင်း တရုတ်အာလူးများ လက်ကျန်ပေါများနေသည့်အတွက် ဈေးနှုန်း အနည်းငယ် ပြန်လည်ကျဆင်းလျက်ရှိကြောင်းသိရသည်။

"အခုလတ်တလော ပြည်တွင်းကထွက်တဲ့ အာလူးတွေထက် တရုတ်အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်အေးနေပြီး ဈေးနှုန်းအနည်းငယ်ပြန်ကျနေတယ်။ ရန်ကုန်နဲ့မန္တလေး ဈေးကွက်အတွင်းမှာ တရုတ်အာလူးတွေ အဝယ်သိပ်မလိုက်ဘူးဖြစ်နေတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ ဈေးနှုန်းက အပြောင်းအလဲ အတက်အကျ သိပ်မရှိသေးဘူး။ ပုံမှန်ဈေးနှုန်းနားမှာပဲ ငြိမ်နေတယ်၊ ပြည်ပက ဝင်ရောက်တဲ့အာလူးတွေတော့ အဝယ်သိပ်မလိုက်တာကြောင့် ဈေးကပါပြန်ပြီး အနည်းငယ်ကျနေတယ်" ဟု ဒေါ်မေသဲဆွေကပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လအတွင်းက တရုတ်အာလူး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ထိရှိခဲ့သော်လည်း ယခုလက်ရှိ တရုတ်အာလူးတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ ခန့်သာ ပေါက်ဈေးရှိပြီး အရောင်းအဝယ်လည်း အေးလျက်ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရိုးရာလက်မှုနှင့်အထည်အလိပ်ကဏ္ဍ ကုန်စည်ရောင်းဝယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်နိုင်

အာဆီယံ-ဂျပန်စင်တာ၏ ဖိတ်ကြားချက်အရ ရိုးရာလက်မှုပစ္စည်းနှင့် အထည်အလိပ်ကဏ္ဍ တိုးတက်ရေးအတွက် အမှတ်တံဆိပ်မြှင့်တင်ခြင်းနှင့် ကုန်စည်ရောင်းဝယ်ခြင်းဆိုင်ရာ အရည်အချင်းမြှင့် အလုပ်ရုံဆွေးနွေးပွဲ (Online Workshop on Branding and Merchandising for Traditional Craft and Textile Industry) ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကကြီးမှူး၍ ၂၀၂၂ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ပါဝင်တက်ရောက်နိုင်ကြောင်းသိရသည်။

စိတ်ပါဝင်စားတက်ရောက်လိုသော စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို ဇူလိုင် ၂၀ ရက်နောက်ဆုံးထား၍ ကုန်သည်/စက်မှုအသင်းချုပ်သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**Source: မြန်မာ့အလင်း**

## ယခုနှစ် ဇွန် ၂၀ ရက်မှ ဇွန် ၂၇ ရက်အထိ ကန်ဒေါ်လာ ၁ ဒသမ ၄၇၆ သန်းဖိုးရှိ ဂဏန်းနှင့်ငါးရှဥ့် ၁၅၀ ဒသမ ၀၄၉ တန် တင်ပို့ရောင်းချနိုင်ခဲ့



Source: ရတနာပုံသတင်းစာ

ယခုဘဏ္ဍာနှစ်တွင် ဇွန် ၂၀ ရက်မှ ဇွန် ၂၇ ရက်ထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၆ သန်းဖိုးရှိ ဂဏန်းနှင့်ငါးရှဥ့် ၁၅၀ ဒသမ ၀၄၉ တန်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်၏ သတင်းများအရသိရသည်။

ဂဏန်းနှင့် ငါးရှဥ့်တင်ပို့ရောင်းချရာတွင် ဇွန် ၂၀ ရက်မှ ဇွန် ၂၇ ရက်ထိ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၄၆ သန်းဖိုးရှိ ဂဏန်း ၁၂၉ ဒသမ ၂၄၉ တန်၊ အမေရိကန်ဒေါ်လာ သုညဒသမ ၈၃ သန်းဖိုးရှိ ငါးရှဥ့် ၂၀ ဒသမ ၈ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၆ သန်းဖိုးရှိ ဂဏန်းနှင့်ငါးရှဥ့် ၁၅၀ ဒသမ ၀၄၉ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ ဂဏန်းနှင့်ငါးရှဥ့်များ နှစ်စဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၇၃၇ သန်းဖိုးရှိ ဂဏန်း ၈၂၁၁ ဒသမ ၇၅၉ တန်၊ အမေရိကန်ဒေါ်လာ ၉ ဒသမ ၆၇၅ သန်းဖိုးရှိ ငါးရှဥ့် ၂၈၅၅ ဒသမ ၁ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၄၁၂ သန်းဖိုးရှိ ဂဏန်းနှင့်ငါးရှဥ့် ၁၁၀၆၆ ဒသမ ၈၅၉ တန်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၃၀ သန်းဖိုးရှိ ဂဏန်း ၁၉၆၂ ဒသမ ၇၆ တန်၊ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၁၂၇ သန်းဖိုးရှိ ငါးရှဥ့် ၆၉၈၄ ဒသမ ၃၅ တန် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၅၇ သန်းဖိုးရှိ ဂဏန်းနှင့် ငါးရှဥ့် ၈၉၄၇ ဒသမ ၁၁ တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## တရုတ်-အာဆီယံကုန်စည်ပြပွဲ၌ ဒေသထွက်ကုန်ပြခန်း ၃၀ အထိ ဝင်ရောက်ပြသမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံကွမ်ရှီး(ကွမ့်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၀၄ ခုနှစ်မှ ယခုနှစ်အထိ ကျင်းပသည့် တရုတ်-အာဆီယံကုန်စည်ပြပွဲ(China-ASEAN Expo) သို့ မြန်မာနိုင်ငံမှ ၁၉ ကြိမ်မြောက် ပါဝင်ပြသမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီး(ကွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (The 19th China-ASEAN Expo) နှင့်စပ်လျဉ်း၍ ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက်က Zoom Meeting ဖြင့် ပြုလုပ်ခဲ့ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ တာဝန်ရှိသူများနှင့် ပါဝင်ပြသမည့် မြန်မာကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ခဲ့သည်။

ယခင်နှစ်များက မြန်မာနိုင်ငံမှ မြန်မာကုမ္ပဏီလုပ်ငန်းရှင်များ ကိုယ်တိုင်သွားရောက်ပါဝင် ပြသခဲ့ကြသော်လည်း ၂၀၂၀ ပြည့်နှစ် (၁၇) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှစတင်၍ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်မှု ကန့်သတ်ချက်များကြောင့် မြန်မာလုပ်ငန်းရှင်များသည် လူကိုယ်တိုင်သွားရောက် ပါဝင်ပြသမှုမရှိကြသဖြင့် မိမိတို့ပြသမည့် မြန်မာနိုင်ငံမှ မြန်မာ့ထွက်ကုန် ပစ္စည်းများပေးပို့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ လုပ်ငန်းမိတ်ဖက်ကိုယ်စားလှယ်များက ပြသပေးမည်ဖြစ်သည်။ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံမှ မြန်မာ့ထွက်ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၃၀ ဖြင့် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ကုန်စည်ပြပွဲများအပြင် တရုတ်-အာဆီယံကုန်စည်ပြပွဲ ကာလအတွင်း National Image ပြခန်းဆောင်ကို ၅၄ စတုရန်းမီတာ အကျယ်အဝန်းရှိသည့် နေရာ၌ပြသပြီး မြန်မာနိုင်ငံဒေသ အရပ်ရပ်မှ ထင်ရှားသောမြို့များ၏ ရှုခင်းများ၊ မြန်မာ့ရိုးရာပွဲတော်များ၊ စီးပွားရေးပြခန်းများ ဝင်ရောက်ပြသရန် စီစဉ်လျက်ရှိသည်။

**Source: မြန်မာ့အလင်း**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ကုန်နှင့် ပို့ကုန်များ G to G စနစ်ဆောင်ရွက်မှုဖြင့် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေနိုင်

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိသည့် ရေထွက်ကုန်နှင့် အခြားပို့ကုန်များကို နယ်စပ်ဂိတ်မှ ကုန်သွယ်မှုထက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့သော G to G စနစ်ကို ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အဆိုပါ စနစ်ကျင့်သုံးနိုင်ပါက ရေရှည်တွင် နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် စက်သုံးဆီဈေးနှုန်းကြီးမြင့်ခြင်းနှင့် မိုးရာသီရာသီဥတုမမှန်ခြင်းကြောင့် ယခင်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တစ်ရက်လျှင် ရေထွက်ကုန်သင်္ဘော ၁၀ စီးတင်ပို့နေရာမှ အစီးရေလျော့ကျသွားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ် ကုန်သွယ်မှုအတွက် ငွေကြေးကဏ္ဍတွင်လည်း အခက်အခဲများ ကြုံတွေ့လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် နယ်စပ်ဂိတ်မှ ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ်သို့ ရေထွက်ကုန်များနှင့် ကုန်ခြောက်ပစ္စည်းများ တင်ပို့ရာတွင် ဘင်္ဂလားဒေ့ရှ်နယ်စပ်ဂိတ်ရှိ ကုန်သည်များကထိန်းချုပ်၍ အခြားနိုင်ငံများသို့ တစ်ဆင့်တင်ပို့လျက်ရှိသဖြင့် ဒေသတွင်းသို့ ကုန်ပစ္စည်းတိုက်ရိုက် ဝင်ရောက်နိုင်ရေးအတွက် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ ကောင်စစ်ဝန်နှင့်ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

နှစ်နိုင်ငံ G to G ၏ ကုန်သွယ်မှုအဆင်ပြေပါက ရေထွက်ကုန်နှင့်ကုန်ခြောက်ပစ္စည်းများအပြင် နွား၊ သစ်နှင့် အခြားသောကုန်ပစ္စည်းများ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူရန်အသင့်ရှိနေပြီး ရေကြောင်းကုန်သွယ်မှုမှာ နှစ်နိုင်ငံစီးပွားရေးအတွက် အထောက်အပံ့ကောင်းများ ပေါ်ထွန်းလာစေမည်ဖြစ်သည်။

မြန်မာနိုင်ငံ နယ်စပ်ဂိတ်တို့တွင် ပို့ကုန်၊ သွင်းကုန်များ အပြန်အလှန်တင်သွင်းလေ့ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံမှ ပို့ကုန်သာရှိ၍ သွင်းကုန်နည်းပါးသည့်အတွက် ပို့ကုန်ကဏ္ဍဖြင့် ဝင်ငွေခိုင်မာစွာ ရရှိသော နယ်စပ်ကုန်သွယ်ရေးတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်နှင့် အခြားသောပို့ကုန်များ တိုက်ရိုက်တင်ပို့နိုင်ရန် စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကောင်စစ်ဝန်နှင့် ရခိုင်ပြည်နယ်အစိုးရတာဝန်ရှိသူများသည် ထပ်မံတွေ့ဆုံဆွေးနွေးရန်စီစဉ်လျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနေဖြင့် နှစ်နိုင်ငံ G to G ကုန်သွယ်မှုဆောင်ရွက်ရန် ဖွန်လပိုင်းက ကနဦးတွေ့ဆုံစဉ် ဆွေးနွေးထားကြောင်း သတင်းရရှိသည်။

**Source: ရတနာပုံသတင်းစာ**

## STOCK EXCHANGE (15.7.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 15th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 50 | 370,000 | 33,109,694 | 245,012 |
| MTSH | 00002 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 851 | 2,213,150 | 38,929,150 | 101,216 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 1 | 7,300 | 10,400,986 | 75,928 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,550 | +50 | +2.00% | 2,550 | 2,550 | 2,550 | 150 | 382,500 | 12,823,224 | 32,699 |
| EFR | 00006 | 2,550 | +50 | +2.00% | 2,550 | 2,550 | 2,550 | 1 | 2,550 | 19,977,223 | 50,942 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,000 | 5,000 | 4,900 | 2 | 9,900 | 10,497,598 | 51,438 |


## Market summary

As of 15th Jul. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.19 | -0.17 | -0.05% | 345.36 | 345.97 | 344.25 | 1,055 | 2,985,400 | 7 | 600,496 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 15th Jul. 2022

| MYANPIX | 345.19 ▼ 0.17 |
|---|---|
| Total Volume (shares) | 1,055 |
| Total Value (MMK) | 3 mil |
| Listed Company | 7 |
| Market Cap. (MMK) | 600,496 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,400 | ▲ 0 |
| MTSH | 00002 | 2,600 | ▼ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 50 |
| EFR | 00006 | 2,550 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |